**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်**

**ကြေညာချက်အမှတ် (၂/ ၂၀၁၅ )**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဆိုင်ရာကြေညာချက်**

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ လိုင်စင်လျှောက်ထားရာတွင် မြန်မာနိုင်ငံသားများ ၁၀၀% ပိုင်ဆိုင်သော ကုမ္ပဏီများ လျှောက်ထားခွင့်ရှိပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းသည် ယခင်က မြန်မာနိုင်ငံတွင် လုပ်ကိုင်ဖူးခြင်း မရှိသဖြင့် စတင်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန် မြန်မာနှင့် နိုင်ငံခြားသားဖက်စပ် ကုမ္ပဏီများကိုလည်း လျှောက်ထားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ မြန်မာနှင့်နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများ လျှောက်ထားရာတွင် မြန်မာနိုင်ငံသားများ၏ အစုရှယ်ယာပိုင်ဆိုင်မှု အနည်းဆုံး ၅၀% ပါဝင်ပြီး၊ စီမံခန့်ခွဲပိုင်ခွင့်သည် မြန်မာနိုင်ငံသား အစုရှယ်ယာရှင်များ လက်ဝယ်တွင်ရှိသော ဖက်စပ်ကုမ္ပဏီများ ဖြစ်သင့်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်
## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏အမည်ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အမည်တူ ရှိ / မရှိ စစ်ဆေးပြီး အမည်တူမရှိကြောင်း ထောက်ခံစာကို ရယူရမည်။

၂။ အထက်ပါအမည်တူမရှိကြောင်း ထောက်ခံစာနှင့်အတူ လိုင်စင်လျှောက်လွှာကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည်။

၃။ ကော်မရှင်သည် လျှောက်လွှာများကို စိစစ်ရွေးချယ်ပြီး ထောက်ခံစာ ထုတ်ပေးမှသာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်ခွင့်ကို လျှောက်ထားရမည်။

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်များလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကြေညာခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ၂၀၁၅ ခုနှစ် အတွင်း ဖွင့်လှစ်မည့် ရန်ကုန်စတော့အိပ်ချိန်းတွင် ဝန်ဆောင်မှုပေးကြမည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအား လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက်လိုင်စင်ထုတ်ပေးရန်အတွက် ကြေညာချက် အမှတ် (၁/၂၀၁၅) ကို ထုတ်ပြန်ခဲ့ပြီး လျှောက်လွှာပုံစံများကို ထုတ်ပေးလျှက်ရှိပါသည်။

၂။ လိုင်စင်လျှောက်ထားသူသည် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီး လိုင်စင် ထုတ်ယူရမည်ဖြစ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီအမည်တူ ရှိ /မရှိ စစ် ဆေး၍အမည်တူမရှိကြောင်းစာရယူခြင်း၊

(ခ) လိုင်စင်လျှောက်လွှာအား ပြည့်စုံစွာ ဖြည့်စွက်ပြီး အပိုဒ်(က) ပါ အမည်တူမရှိ ကြောင်းစာနှင့်အတူ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် သို့ လျှောက်လွှာတင်ခြင်း၊

(ဂ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှလျှောက်လွှာများကို စနစ်တကျ စိစစ်ပြီး လိုင်စင်ထုတ်ပေးမည့် ကုမ္ပဏီများစာရင်းအား ကြေညာခြင်း နှင့် DICA သို့ပေးပို့ခြင်း၊

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ လိုင်စင်ထုတ်ပေး ရန် ကြော်ငြာသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင် ပြီး လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသော အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်း(Paid-up Capital) ကို ထည့်ဝင်ပြီးနောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင်မှတ်ပုံတင်ခြင်း၊

(င) ကုမ္ပဏီသည် အနည်းဆုံးမတည်ငွေရင်း ထည့်ဝင်ပြီးကြောင်း မှတ်ပုံတင်ထားသော စာရွက်စာတမ်းအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် သို့ တင်ပြလာသည့်အခါ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း။

၃။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သို့ လိုင်စင်လျှောက်လွှာ တင်သွင်းမည့်ကုမ္ပဏီများသည် လိုင်စင် လျှောက်ထားလာသည့်အခါ ယုံကြည်မှုစပေါ်ငွေ(Trust Deposit) ကျပ် ၂၀ သိန်းအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ၏ငွေစာရင်းအမှတ် MD-010123 သို့ တင်သွင်းရမည်။ လိုင်စင်ချထားပေးရန် အရွေးခံရပါက လိုင်စင်ကြေးကို ခုနှိမ်၍ ကျန်ငွေအား ပြန်လည်ထုတ်ပေးမည်။ လိုင်စင်ထုတ်ပေးရန် ရွေးချယ်

ခြင်းမခံရပါကအဆိုပါယုံကြည်မှုစပေါ်ငွေပေးသွင်းသည့်နေ့မှ (၃)လ အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သည် လုပ်ငန်းလိုင်စင်များ ထုတ်ပေးရာတွင် လိုင်စင်သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး နှစ်စဉ်မှတ်ပုံတင်ကြေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **လိုင်စင်ကြေး**

| | | | |
|---|---|---|---|
| (၁) | ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၂၀,၀၀,၀၀၀ |
| (၂) | ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၁၅,၀၀,၀၀၀ |
| (၃) | ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် | ကျပ် | ၁၀,၀၀,၀၀၀ |
| (၄) | ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၅,၀၀,၀၀၀ |

(ခ) **လိုင်စင်သက်တမ်းတိုးခ**

| | | | |
|---|---|---|---|
| (၁) | ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၁၀,၀၀,၀၀၀ |
| (၂) | ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၇,၀၀,၀၀၀ |
| (၃) | ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ်ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် | ကျပ် | ၅,၀၀,၀၀၀ |
| (၄) | ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် | ကျပ် | ၂,၀၀,၀၀၀ |

(ဂ) နှစ်စဉ်အသားတင်အမြတ်ငွေအပေါ်အရေးပေါ်ရန်ပုံငွေအဖြစ်ထားရှိရမည့်အချိုး ၂.၅%